ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

အကောက်ခွန်သတင်းလွှာ

အတွဲ ၆ ၊ အမှတ် ၅ ၂၀၂၁ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁ ရက်

(၃၀) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပခြင်း

(၃၀) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့အခမ်းအနားအား ၂၀၂၁ ခုနှစ်၊ ဧန်နဝါရီလ(၂၆)ရက်နေ့ နံနက် (၉:၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ကျင်းပခဲ့ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်မှတက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် (၅)ကြိမ်နှင့်အထက်သွေးလှူဒါန်းမှု ဂုဏ်ပြုဆုရရှိသူများ၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည်ဆုနှင့် လုပ်ငန်းစွမ်းဆောင်ရည်ဆုရရှိသူများ၊ သင်တန်းသားထူးချွန်ဆု ရရှိသူများအား ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြပါသည်။

အဆိုပါ အခမ်းအနားသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ၊ အရာထမ်း/အမှုထမ်းများနှင့် ဂုဏ်ပြုဆု

အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် ကွန်ပျူတာပစ္စည်းများ၊ လက်ကိုင်ဖုန်းအမျိုးမျိုး ၊ စက်မှုကုန်ကြမ်းများနှင့် လူသုံးကုန်ပစ္စည်းများအား Lot—(၁၁) ခု ခွဲ၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

(၂၈.၁.၂၀၂၁) ရက်နေ့ ၊ (၁၀:၀၀) အချိန်တွင် အကောက်ခွန်ကုန်လျောင်ရုံ ၊ ကမ်းနားလမ်းကွန်ကရစ်လမ်းမ ၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်တွင် အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိပြီး ပြည်သူ့ဘဏ္ဍာသိမ်းထုခွဲအဆင့်ရောက် ကွန်ပျူတာပစ္စည်းများ၊ လက်ကိုင်ဖုန်း အမျိုးမျိုး၊ စက်မှုကုန်ကြမ်းများနှင့် လူသုံးကုန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာနလေလံတင်ထုခွဲရောင်းချရေးအဖွဲ့ (၈.၁.၂၀၂၁)ရက်စွဲပါရုံးတွင်း အမိန့်စာအမှတ် (၉/၂၀၂၁) အရ ဖွဲ့စည်းပြီး Lot- (၁၁) ခု ခွဲ၍ ဈေးပြိုင်

လေလံတင်ရောင်းချခြင်းအခမ်းအနား (၁၄:၀၀)အချိန်တွင် ပြီးဆုံးခဲ့ပြီး စုစုပေါင်းလေလံတင်ရောင်းချရငွေ ကျပ်သန်းပေါင်း (၅၇၂.၃) သန်း ရရှိခဲ့ပါသည်။

ဖမ်းဆီးရမိသည့် ဘီယာ၊ လူသုံးကုန်၊ စားသုံးကုန်၊ ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများဖျက်ဆီးခြင်း

ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူစားသုံးရန်၊ သုံးစွဲရန်မသင့်သော ဘီယာ၊ လူသုံးကုန်၊ စားသုံးကုန်၊ ဆေးဝါးမှတ်ပုံတင်မရှိသော ဆေးဝါးများနှင့် အလှကုန်ပစ္စည်းများ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၇၂၉.၃၇၉)သန်းခန့်အား (၂၁-၁-၂၀၂၁) ရက်နေ့တွင် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဝင်းဇော် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျဖျက်ဆီးခဲ့ပါသည်။

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၀၁၆.၃၆၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၆၉) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် **(၁၀၁၆.၃၆၃)** သန်းခန့်ဖြစ်ပါသည်။

ရန်ကုန် တားဆီး/ဖမ်းဆီးမှု

(၈.၁.၂၀၂၁) ရက်နေ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်တွင် UB-1002/SF-5601 ဖြင့် စင်ကာပူနိုင်ငံမှ စီးနှင်းလိုက်ပါလာသော မြန်မာနိုင်ငံသားခရီးသည် Ma Maria ၏ ခရီးဆောင်အိတ်အား X-Ray ဖြတ်သန်းစစ်ဆေးရာတွင် အိတ်အတွင်းမှ တင်သွင်းခွင့် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် “ Yi Ling ” Lianhua Qingwen Capsules 350 mg (1x24 Cap) (680 Nos) C/O China,(2Pkgs)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁.၄၀၀) သန်းအား တွေ့ရှိခဲ့သည့်အတွက်

(၂၃.၁.၂၀၂၁) ရက်နေ့ AWPT ဆိပ်ကမ်းတွင် Kyal Sin Wine Manufacturing Co.,ltd မှ ED No -200062110960 (14.1.2021) ဖြင့်ကြေညာထားသော ပို့ကုန်သေတ္တာ(၂)လုံးအား သတင်းပေးချက်နှင့် မြေပြင်သတင်းဖော်ထုတ်ချက်အရ စစ်ဆေးခဲ့ရာ ED တွင် ဂျင်းအစို(Fresh Ginger)ဟု ကြေညာထားသော်လည်း ဖွင့်ဖောက်စစ်ဆေးသည့်ကုန်သေတ္တာအမှတ်-YMLU-3461817 အတွင်း ပိတောက်သစ်ဟုယူဆရသော ခါးရွေတုံး(၇၃)တုံး၊ (၁၂)တန်ခန့် နှင့်ကုန်သေတ္တာအမှတ်-MAGU-2545977 အတွင်း ပိတောက်သစ်ဟုယူဆရသော သစ်ခွဲသားဆိုဒ်စုံ(၃၈၅၀)ချောင်း၊ (၁၃)တန်ခန့် နှင့် ကုန်သေတ္တာအခွံ (၂)လုံး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် (၄၉.၄၀၀)သန်းအား စစ်ဆေးတွေ့ရှိခဲ့သဖြင့် တားဆီးခဲ့သောအမှု

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၀၁၆.၃၆၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

နယ်မြေ တားဆီး/ ဖမ်းဆီးမှု

(၂၄.၁.၂၀၂၁) ရက်နေ့တွင် (၂၁) မိုင် ခန့်တွင်သတင်းအရ စောင့်ဆိုင်းနေစဉ် ရန်ကုန် မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်အမှတ် (7I/8210)Nissan Condor Truck ဖဘီး ယာဉ်အား တားဆီးစစ်ဆေးရာ စာရွက်စာတမ်းအထောက်အထား တင်ပြ နိုင်ခြင်းမရှိသော ဖုန်းအမျိုးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၇၀.၂၄၅)သန်းခန့်တင်ဆောင်လာသည်ကို စစ်ဆေးတွေ့ရှိသဖြင့် အဆိုပါပစ္စည်းများနှင့်သယ်ဆောင်သောယာဉ်အားအကောက်ခွန်

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ဧနှစ်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၁၀၁၆.၃၆၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ထူးခြား ဖမ်းဆီး/တားဆီးမှု

ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၁) ခုနှစ် ဧနှစ်ဝါရီလ (၃၁) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေစဉ် 8H-6703 Micro Bus ယာဉ်(၁)စီးပေါ်တွင် တရားဝင်အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော တရုတ်နိုင်ငံထုတ်လက်ကိုင်ဖုံးမျိုးစုံ(620)Uအားလည်းကောင်း၊ ရေပူရှောင်ကွင်းလမ်းအတွင်းရှိ ချုံပုတ်တွင် ရှောင်ကွင်းသယ်ဆောင်ရန် စုပုံထားသော အမိုးအကာဖြင့် ဖုံးအုပ်ထားသည့် ပိတောက်တုံး (ခွဲသား) (၁၀)ချောင်း (၀.၂၅)တန်၊ ပိတောက် (ဂစ်တာပုံ) (၁၂)ချောင်း (၀.၀၄)တန် ၊ FF-8637 Nissan Wingroad ယာဉ် (၁) စီးပေါ်တွင် တင်ဆောင်လာသည့် တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော ကျောက်စိမ်းဟုယူဆရသည့် လက်ကောက်ကွင်းကြမ်း (၂၅၀) ကီလိုဂရမ် နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ် (၂) စီး ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၁၂၃.၅၇၀) သန်းအား တားဆီးခဲ့ဝါသည်။

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ဧနှစ်ဝါရီလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၁၀၁၆.၃၆၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ထူးခြား ဖမ်းဆီး/တားဆီးမှု

ထူးခြားဖမ်းဆီးမှုအနေဖြင့် (၂၀၂၁)ခုနှစ် ဧနှစ်ဝါရီလ (၁၇)ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ဂိတ်(၁)ရှိ ပူးပေါင်းအဖွဲ့မှ ရန်ကုန်-မြဝတီ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယာဉ်များအားစစ်ဆေးခဲ့ရာ ကျိုက်ထိုဘက်မှ စစ်တောင်းဘက်သို့ မောင်းနှင်လာသော ယာဉ်အားစီစစ်ဆဲတွင် မောင်းနှင်လာသူထွက်ပြေးတိမ်းရှောင်သွားပါသဖြင့် တရားဝင်ယာဉ် ဟုတ်/မဟုတ် စီစစ်ခဲ့ရာ ကုန်းလမ်းပို့ဆောင်ရေးနှင့်ညွှန်ကြားမှုဦးစီးဌာနမှ တရားဝင်မှတ်ပုံတင်ထားသော ယာဉ်မဟုတ်ကြောင်း ပြန်ကြားလာသည့်အတွက် တရားဝင်အထောက်အထားမရှိသည့် အကောက်ခွန်မဲ့ Nissan Diesel, C/O # Japan တွဲခေါင်းယာဉ် (၁) စီးအားစစ်ဆေးတွေ့ရှိ၍ စုစုပေါင်းခန့်မှန်း

မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ၂၀၂၁ ခုနှစ် ဧန်နဝါရီလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

စဉ်	ပစ္စည်းအမျိုးအမည်	ရုံးကုန်အမှုတွဲပေါင်း	နယ်စပ်အမှုတွဲပေါင်း	အမှုတွဲစုစုပေါင်း	ခန့်မှန်းတန်ဖိုးစုစုပေါင်း(ကျပ်)
၁။	မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ	-	၄ မှု	၄ မှု	၂၄၇.၅၂၅ သန်း
၂။	ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ	-	-	-	-
၃။	သစ်တောထွက်ပစ္စည်းများ	၁ မှု	၂ မှု	၃ မှု	၄၉.၂၇၀ သန်း
	စုစုပေါင်း	၁ မှု	၆ မှု	၇ မှု	၂၉၆.၇၉၅ သန်း

အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း (၁-၁၀-၂၀၂၀) ရက်နေ့ မှ (၃၁-၁၂-၂၀၂၀) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ၊ သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၁၅) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း (၃၅၁.၈၇၁) သန်းအား တားဆီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၀၂၁ ခုနှစ် ၊ ဇန်နဝါရီလအတွင်း အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

⇒ **School Satchel Bag** တင်သွင်းလိုပါသဖြင့် CD Rate နှင့် လိုင်စင်လျှောက်ထားရန် လို/မလို လာရောက် မေးမြန်းရာ CD-7.5% နှင့် လိုင်စင်လျှောက်ထားရန်မလိုကြောင်း ပြန်လည် ဖြေကြားခဲ့ပါသည်။

⇒ ပဲအမျိုးမျိုး တင်ပို့ရန်အတွက် ပို့ကုန်လိုင်စင် လို/ မလိုအား မေးမြန်းခဲ့ရာတွင် စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အမိန့်စာအမှတ်(၂/၂၀၂၀)အရ ပို့ကုန်လိုင်စင် လျှောက်ထားရန် မလိုကြောင်း ပြန်လည်

⇒ ရေမွှေးများ တင်သွင်းလိုသဖြင့် HS Code နှင့် CD Rate အားမေးမြန်းခဲ့ရာ HS Code မှာ 3303.00.00 နှင့် CD မှာ 20% ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ ပါသည်။